**MTSH Myanmar Thilawa SEZ Holdings Public Limited**

Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

## ဘဏ္ဍာရေးပေါင်းချုပ်ရှင်းတမ်းအပေါ် စီမံအုပ်ချုပ်သူများမှ လေ့လာသုံးသပ်ချက်အား အသိပေးခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်၏ ၂၀၁၇ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသောသုံးသပ်ထုတ်ပြန်ကြေညာချက်ဖြစ်၍ ထိုဘဏ္ဍာရေး ရှင်းတမ်းပေါင်းချုပ်နှင့် အတူတွဲ၍ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိသော ငွေပမာဏ ဖော်ပြချက်များအားလုံးမှာ မြန်မာကျပ်ငွေ ဖြစ်ပါသည်။

**ဝင်ငွေအလုံးစုံရှင်းတမ်းပေါင်းချုပ်**

| | ဘဏ္ဍာရေးနှစ်အတွက် | |
|---|---|---|
| | ၂၀၁၇ ခုနှစ်၊ မတ်လ (၃၁) ရက် (ကျပ် သန်းပေါင်း) | ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက် (ကျပ် သန်းပေါင်း) |
| ဝင်ငွေ | ၁၀,၂၀၈.၇၅ | ၂,၇၁၅.၆၈ |
| မူရင်းတန်ဖိုး | (၄,၆၂၀.၄၅) | - |
| အကြမ်းအမြတ် | ၅,၅၈၈.၃၀ | ၂,၇၁၅.၆၈ |
| အခြားဝင်ငွေ | ၄၁၆.၇၆ | ၁,၀၁၉.၉၈ |
| ငွေကြေးလဲလှယ်မှုမှအမြတ် | ၃,၂၈၉.၅၃ | ၆,၀၈၂.၅၉ |
| အသုံးစရိတ် | (၃,၁၈၈.၄၉) | (၂,၀၀၀.၄၇) |
| တွဲဖက်လုပ်ငန်း၏ အမြတ်ငွေ | ၁၆,၇၄၄.၁၁ | ၁၄,၇၅၇.၄၄ |
| အခွန်မလျာမီ အသားတင်အမြတ် | ၂၂,၈၅၀.၂၁ | ၂၂,၅၇၅.၂၂ |
| (နှုတ်) ဝင်ငွေခွန် | (၅၂၄.၀၂) | (၁,၉၀၂.၀၅) |
| **အခွန်လျာပြီး အသားတင်အမြတ်** | ၂၂,၃၂၆.၁၉ | ၂၀,၆၇၃.၁၇ |
| ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်သူများ | ၈၀၂.၀၁ | (၂၆.၃၉) |
| ရှယ်ယာတစ်စု၏ ဝင်ငွေ (ကျပ်) | **၅၅၃** | **၅၃၂** |

၂၀၁၇ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏ အခွန်လျာထားပြီး အသားတင်အမြတ်သည် ကျပ် (၂၂.၃) ဘီလီယမ်၊ ယခင်နှစ်များထက် (၈) ရာခိုင်နှုန်း တိုးတက်လာပါသည်။ ကုမ္ပဏီအုပ်စု၏ အကြမ်းအမြတ်မှာ ရောင်းရငွေ၏ (၅၄.၇) ရာခိုင်နှုန်းရှိပါသည်။ စုစုပေါင်းကုန်ကျစရိတ်များ မြင့်တက်လာခြင်းမှာ လုပ်ငန်းများ ဆောင်ရွက်လည်ပတ်ရန်အတွက် လိုအပ်သော ဝန်ထမ်းများ ခန့်အပ်ထားခြင်းကြောင့်ဖြစ်ပါသည်။ အဆိုပါ စရိတ်များနုတ်ပြီး အသားတင်အမြတ် (ငွေကြေးလဲလှယ်မှုမှအမြတ်ငွေပါဝင်ခြင်းမရှိ) မှာ (၂၇.၆) ရာခိုင်နှုန်း ဖြစ်ပါသည်။

**သီလဝါ ပရောပါတီး ဒတ်ပလော့မင့်၏ ဆောင်ရွက်ချက်များ (TPD)**

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်ကို သီလဝါအထူးစီးပွားရေးဇုန်၊ ဇုန် (အေ) တွင်တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် ငှါးရမ်းခြင်း လုပ်ငန်းများ လုပ်ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါတီး ဒတ်ပလော့မင့်ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) နှင့် ဖက်စပ်ဖွဲ့စည်းထားပြီး၊ TSMC ၏ အစုရှယ်ယာမှာ (၂၀) ရာခိုင်နှုန်း ပါဝင်ပါသည်။

TPD ကုမ္ပဏီအနေဖြင့် လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်း ကန်ထရိုက်ရရှိခြင်းသည် ယခုနှစ်အတွက် ဝင်ငွေရလဒ်ကောင်းရရှိစေပါသည်။ အလုပ်သမားများနေထိုင်ရန်အတွက် လုပ်သားအိမ်ယာ (၃) လုံးကို တည်ဆောက်ပြီးဖြစ်ပါသည်။ အဆိုပါအလုပ်သမားများနေထိုင်ရန် လုပ်သားအိမ်ယာ ငှားရမ်းမှုများအား စတင်လျက်ရှိပါသည်။ (၄) ထပ် လူနေ ဈေးဆိုင် အဆောက်အဦး (၁၂) လုံးကို ဆောက်လုပ်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ပြီးစီးမည်ဖြစ်သည်။

လတ်တလောကာလတွင် TPD ၏ ဟိုတယ်အဆောက်အဦးနှင့် စက်သုံးဆီအရောင်းဆိုင် (၂) ဆိုင်ဖွင့်လှစ်ရန်အတွက် မြေငှားရမ်းထားပြီး ဖြစ်ပါသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း သီလဝါ ပရောပါတီး ဒတ်ပလော့မင့်သည် လုပ်ငန်းလည်ပတ်ခြင်းမှ အခွန်လျာထားပြီး အသားတင် အမြတ်ငွေ ကျပ် (၄.၀) ဘီလီယမ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။

## မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့်လီမိတက် (MJTD) ၏ လုပ်ငန်းဆောင်ရွက်ချက်များ

မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်၏ ရှယ်ယာခွဲဝေ ပိုင်ဆိုင်မှု ရာခိုင်နှုန်းများမှာ -

| | |
|---|---|
| မြန်မာသီလဝါ အက်(စ်) အီးဇက်ဟိုး (လ်) ဒင်း (စ်) ပတ်ဘလစ် လီမိတက် (MTSH) | ၄၁ % |
| သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ (TSMC) | ၁၀ % |
| ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) | ၁၀ % |
| အမ်အမ်အက် (စ်) သီလဝါ ဒီဗလော့မန့် ကုမ္ပဏီ လီမိတက် (MMSTD) | ၃၉ % |

အမ်အမ်အက် (စ်) သီလဝါ ဒီဗလော့မန့် ကုမ္ပဏီ လီမိတက်တွင် မစ်ဆူဘီရှိ ကော်ပိုရေးရှင်း၊ မာရူဘယ်နီ ကော်ပိုရေးရှင်းနှင့် ဆူမီတိုမို ကော်ပိုရေးရှင်းတို့ပါဝင်ပါသည်။

မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်ကို အစပိုင်းတွင် သီလဝါအထူးစီးပွားရေးဇုန်ရှိ ဇုန် (အေ) ဖွံ့ဖြိုးရေး အတွက် တည်ဆောက်လုပ်ကိုင်ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်းနှင့် ရောင်းချခြင်းတို့ဖြင့် ရင်းနှီးမြှုပ်နှံ အကောင်အထည် ဖော်ရန် တည်ထောင်ခဲ့ပါသည်။ ဇုန် (အေ) သည် ဟတ်တာ (၄၀၀) ရှိပြီး၊ နိုင်ငံ (၁၇) နိုင်ငံမှ ကုမ္ပဏီ (၇၉) ခုအား ရင်းနှီးမြှုပ်နှံနိုင်ရန် ဆွဲဆောင်နိုင်ခဲ့ပါသည်။ ဇုန် (အေ) တွင် လတ်တလော ကာလ၌ အလုပ်အကိုင် အခွင့်အလမ်း (၃,၀၀၀) မှ (၅,၀၀၀) အထိ ဖန်တီးပေးနိုင်လျက်ရှိပြီး၊ ဇုန် (အေ) ပြီးမြောက်ပါက အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၄၀,၀၀၀) အထိ ဖန်တီးပေးနိုင်မည်ဟု မျှော်မှန်း ထားပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့တွင် ဇုန်(ဘီ) ရှိ ဟတ်တာ (၁၀၀) အား လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်ရန် မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက်တွင် ပါဝင်သည့် ရှယ်ယာရှင်များမှ သဘောတူ လက်မှတ်ရေး ထိုးခဲ့ကြပါသည်။

၂၀၁၇ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ အမြတ်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ (၃၀) မီလီယံခန့် ဖြစ်ပါ သည်။

**ဝင်ငွေအလုံးစုံ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**

| | ၂၀၁၇ ခုနှစ်၊ မတ်လ (၃၁) ရက် (ကျပ် သန်းပေါင်း) | ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက် (ကျပ် သန်းပေါင်း) |
|---|---|---|
| **ရပိုင်ခွင့်များ** | | |
| လက်ငင်းရပိုင်ခွင့်များ | ၇၀,၈၆၃.၈၃ | ၅၅,၃၅၁.၂၆ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၂၃,၈၄၃.၂၉ | ၂၆,၃၁၃.၈၉ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၉၄,၇၀၇.၁၂** | **၈၁,၆၆၅.၁၅** |
| | | |
| **ပေးရန်တာဝန်များ** | | |
| လက်ငင်းပေးရန်တာဝန်များ | ၃,၇၆၅.၀၁ | ၂,၆၂၆.၇၁ |
| လက်ငင်းပေးရန်မဟုတ်သော တာဝန်များ | ၄,၇၈၃.၈၀ | ၅,၄၇၄.၀၄ |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၈,၅၄၈.၈၁** | **၈,၁၀၀.၇၅** |
| | | |
| **အသားတင်ရပိုင်ခွင့်များ** | **၈၆,၁၅၈.၃၁** | **၇၃,၅၆၄.၄၀** |
| | | |
| **ရင်းနှီးငွေ** | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၃၈,၉၂၉.၁၅ | ၃၈,၉၂၉.၁၅ |
| အမြတ်လက်ကျန် | ၄၀,၄၅၃.၅၄ | ၂၈,၆၆၁.၆၄ |
| ထိန်းချုပ်မှုမရှိသော ပိုင်ဆိုင်မှုများ | ၆,၇၇၅.၆၂ | ၅,၉၇၃.၆၁ |
| **စုစုပေါင်းရင်းနှီးငွေ** | **၈၆,၁၅၈.၃၁** | **၇၃,၅၆၄.၄၀** |
| | | |

လက်ငင်းရပိုင်ခွင့်များ တိုးလာရခြင်းမှာ မြန်မာ - ဂျပန် သီလဝါ ဒီဗလော့မန့် လီမိတက် (MJTD) မှခွဲဝေပေးသည့် အမြတ်ဝေစုရရန်ရှိငွေ အမေရိကန်ဒေါ်လာ (၁၁) မီလီယမ်ကြောင့်ဖြစ်ပါသည်။ အဆိုပါငွေအား ယခုအချိန်တွင် လက်ခံရရှိပြီး ဖြစ်ပါသည်။

## MANAGEMENT DISCUSSION AND ANALYSIS

The following Management Discussion and Analysis ("MD&A") is based on Myanmar Thilawa SEZ Holdings Public Limited Consolidated Financial Statements for the full year ended 31st March 2017 and should be read in conjunction with those financial statements. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

### Results Summary

**Summary Group Income Statement**
**all amounts in Ks'M**

| | for the Financial Year ended | |
|---|---|---|
| | 31-Mar-17 | 31-Mar-16 |
| Revenue | 10,208.75 | 2,715.68 |
| Cost of Sales | (4,620.45) | - |
| Gross Profit | 5,588.30 | 2,715.68 |
| Other Income | 416.76 | 1,019.98 |
| Exchange Gain/(Loss) | 3,289.53 | 6,082.59 |
| Expenses | (3,188.49) | (2,000.47) |
| Profit from Associates | 16,744.11 | 14,757.44 |
| Profit before Tax | 22,850.21 | 22,575.22 |
| Income Tax Expense | (524.02) | (1,902.05) |
| **Profit after Tax** | 22,326.19 | 20,673.17 |
| Non-controlling Interest | 802.01 | (26.39) |
| Earnings per Share | 553 | 532 |

The Group's operating profit after tax for the year ended 31st March 2017 increased by 8% to Ks22.3 Billion over the previous year.

The Group's gross margin is 54.7%. Total group expenses increased due to filling up of vacancies in the organizational structure needed to operate the business. Net margin after taking into account the expenses (excluding exchange gains) stands at 27.6%.

**Thilawa Property Development Limited ("TPD")**

TPD was formed to undertake the development, construction, marketing, leasing and operation of the Residential and Commercial Component of the Zone A project in Thilawa SEZ. TPD is a joint venture with Thilawa Special Economic Zone Management Committee ("TSMC") in which TSMC owns 20%.

TPD secured contracts for road works which has contributed to the revenue. The company has also finished constructing 3 buildings for workers' accommodation. Leasing activities have commenced. In addition, TPD is constructing twelve 4-storey shop houses slated for construction completion in the second half of 2017.

TPD has successfully leased out land for a hotel plot as well as land for 2 petrol stations to be built on the site.

For the financial year ended 31st March 2017, TPD managed to achieve a profit after tax of Ks4.0 Billion.

**Myanmar Japan Thilawa Development Limited ("MJTD")**

MJTD shareholdings are as follows:

| | |
|---|---|
| Myanmar Thilawa SEZ Holdings Public Limited ("MTSH") | 41% |
| Thilawa SEZ Management Committee ("TSMC") | 10% |
| Japan International Corporation Agency ("JICA") | 10% |
| MMS Thilawa Development Co. Ltd ("MMSTD") | 39% |

MMSTD comprises of Mitsubishi Corporation, Marubeni Corporation and Sumitomo Corporation.

MJTD was initially established to undertake the development, construction, marketing, sales and operation of Zone A in Thilawa SEZ. Zone A is about 400 hectares. Zone A has so far attracted more than 79 companies from over 17 countries. Zone A employs between 3,000 to 5,000 workers. Zone A when fully completed and operational will create about 40,000 jobs (both working directly in the Zone or working indirectly as a result of Zone A activity).

On 21st October 2016, the above parties signed an amendment to the joint venture agreement enabling MJTD to development and operate another 100 hectares in Zone B Phase 1.

For the 12 months ended 31st March 2017, MJTD achieved a healthy profit of almost $30 Million.

**Summary Group Balance Sheet**
**all amounts in Ks'M**

| | as at 31-Mar-17 | as at 31-Mar-16 |
|---|---|---|
| Assets | | |
| Current Assets | 70,863.83 | 55,351.26 |
| Non-current Assets | 23,843.29 | 26,313.89 |
| Total Assets | 94,707.12 | 81,665.15 |
| | | |
| Liabilities | | |
| Current Liabilities | 3,765.01 | 2,626.71 |
| Non-current Liabilities | 4,783.80 | 5,474.04 |
| Total Liabilities | 8,548.81 | 8,100.75 |
| | | |
| **NET ASSETS** | **86,158.31** | **73,564.40** |
| | | |
| Equity | | |
| Issued and Paid-up | 38,929.15 | 38,929.15 |
| Retained Earnings | 40,453.54 | 28,661.64 |
| Non-controlling Interest | 6,775.62 | 5,973.61 |
| **TOTAL EQUITY** | **86,158.31** | **73,564.40** |

The increase in current assets is primarily due to a declared dividend receivable from MJTD amounting to $11 Million. The amount has since been received.